# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 30 , 2022 Volume 61, Number 21


၃၀.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၉ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၉၃၀၀၀ |
| ဒေါ်လာဈေး | = ၂၈၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၇.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၇.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၇.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၇၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၆.၇၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၆.၇၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၈၃၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## လာမည့်နှစ်အတွင်း ပြည်ပသို့ ပြောင်းတန် ၂ သန်း တင်ပို့ရန်မျှော်မှန်း




လာမယ့် ၂၀၂၃ ခုနှစ်အတွင်း ပြည်ပကို ပြောင်းတန်ချိန် ၂ သန်းဝန်းကျင် တင်ပို့နိုင်ဖို့ မျှော်မှန်းထားတယ်လို့ မြန်မာနိုင်ငံပြောင်း လုပ်ငန်းအသင်းက သိရပါတယ်။ လာမယ့်နှစ်မှာ ပြောင်းထွက်ရှိမှု တန် ၃ သန်းဝန်းကျင်ရှိဖို့နဲ့ တန်ချိန် ၁ သန်းကို ပြည်တွင်းသုံးစွဲမှုအတွက် လျာထားတာပါ။ လတ်တလောမှာတော့ ပင်လယ်ရေကြောင်းကနေ တရုတ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်တို့ကို ပြောင်းတင်ပို့နေပါတယ်။ လာမယ့် ဖေဖော်ဝါရီလမှာ ထိုင်းနိုင်ငံကို အခွန်လွတ်နဲ့ ပြောင်းစတင်ပို့နိုင်မှာ ဖြစ်တဲ့အတွက် ဇန်နဝါရီလောက်မှာ ထိုင်းဘက်က ကုန်သည်တွေနဲ့ပြောင်းအရောင်းအဝယ်စာချုပ်တွေ ချုပ်ဖို့လည်းရှိတယ်လို့ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း ဂုဏ်ထူးဆောင်နာယက ဦးမင်းခိုင်ကပြောပါတယ်။

အခုနှစ်ကစလို့ တရုတ်နိုင်ငံကို GACC ခွင့်ပြုချက်နဲ့ ပြောင်းစတင်ပို့နိုင်နေပေမယ့် နယ်စပ်လမ်းကြောင်းက တင်ပို့လို့မရသေးတာကြောင့် အကျိုးအမြတ်သိပ်မရှိဘူးလို့ သိရပါတယ်။ ပင်လယ်ရေကြောင်းက တင်ပို့တာက နယ်စပ်ကထက် သယ်ယူပို့ဆောင်စရိတ် ၂ ဆလောက်ပိုများတဲ့အတွက် နယ်စပ်ကတင်ပို့နိုင်ရင် တောင်သူတွေနဲ့ ကုန်သည်တွေအတွက် အကျိုးအမြတ်ပိုရရှိနိုင်တယ်လို့ ဦးမင်းခိုင်ကပြောပါတယ်။ တရုတ်နိုင်ငံကို ပြီးခဲ့တဲ့ အောက်တိုဘာလကစပြီး တရားဝင်ပြောင်းတင်ပို့နေတာဖြစ်ပြီး အခုဒီဇင်ဘာလအထိ တန်ချိန် ၇ သောင်းဝန်းကျင်တင်ပို့ထားပါတယ်။

ဤဆောင်းပါးကို Bloomberg Myanmar မှကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

## ဈေးကောင်းရရှိနေတဲ့ ကြာချည်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် ဝက်သဲကန်မှထွက်ရှိသော ကြာများကို ကြာချည်ထုတ်လုပ်ရောင်းချလျက်ရှိရာ ဈေးကောင်းရရှိနေတာကိုတွေ့ရပါတယ်။ ကြာချည်ကို ဧပြီလမှ အောက်တိုဘာလအထိ ထုတ်ယူရာတွင် အစေးထွက်ရှိမှုကောင်းပြီး နိုဝင်ဘာလနောက်ပိုင်း နှမ်းကျချိန်တွင် အစေးထွက်ရှိမှုနည်းလာပါတယ်။ ကြာပင်(၇၀၀)မှ(၈၀၀)ကျော် အစေးထုတ်မှသာ ကြာချည်(၁)ကျပ်သားနီးပါးသာရရှိတဲ့အတွက် ထုတ်လုပ်ရာမှာ အလွန်လက်ဝင်တယ်လို့ သိရပါတယ်။ ထွက်ရှိလာတဲ့ ကြာချည်များကို ကုန်ကြမ်းအတိုင်း အင်းလေးသို့တင်ပို့ကာ ရောင်းချ

**CONTACT US**


ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ကြပြီး ကြာချည်ထုတ်လုပ်တဲ့ လုပ်ငန်းရှင်(၁၀)ဦးလောက်ရှိတယ်လို့သိရပါတယ်။

ကြာချည်စျေးနှုန်းအနေဖြင့် ကြာချည်(၁)ပိဿာလျှင် (၄)သိန်းခွဲအထိ စျေးကောင်းရရှိနေပြီး ကြာပန်းမှထွက်ရှိတဲ့ ကြာဝတ်ဆံစျေးကတော့ (၁)ပိဿာလျှင် (၃)သောင်းအထိစျေးရရှိပြီး ကြာသီးကတော့ (၁)ပိဿာလျှင် (၂၅၀၀)ကျပ်စျေး ရရှိနေပါတယ်။ ကြာဝတ်ဆံကိုတော့ ဆေးဖော်စပ်ရာတွင် အသုံးပြုကြကာ ကြာသီးကတော့ ပြုတ်၍စားလို့ရကြောင်း ကြာချည်လုပ်ငန်းရှင်တစ်ဦးထံမှ သိရှိရပါသည်။

ကြာချည်ဖြင့် သင်္ကန်းယက်လုပ်ခြင်း၊ တဘက်စောင်ယက်လုပ်ခြင်းနှင့် အင်္ကျီစများယက်လုပ်ကာ ဝတ်ဆင်ကြ ပါတယ်။ ကြာချည်သည် ရာသီဥတုမရွေးဝတ်ဆင်နိုင်ကာ ဝတ်ဆင်သူအဖို့ အေးမြပြီးပေ့ါပါး လန်းဆန်းစေပါတယ်။ မြန်မာတို့ရဲ့ ရိုးရာအစဉ်အလာတစ်ခုဖြစ်သော ဝါဆိုလပြည့်နေ့တွင် ယက်လုပ်သည့် မသိုးသင်္ကန်းသည် ကြာချည်ဖြင့်လည်း ယက်လုပ်နေတာကိုတွေ့ရတဲ့အတွက် ရိုးရာအစဉ်အလာအနေဖြင့် အသုံးပြုကြတာကိုတွေ့ရပါတယ်။ အရည်အသွေး ကောင်းတဲ့ ကြာချည်ကို ကုန်ကြမ်းအတိုင်း တင်ပို့ရောင်းချမည့်အစား နည်းပညာဖြင့်ယက်လုပ်ကာ ပိတ်စအဖြစ်ရောင်းချပါက တစ်ကိုက်လျှင်(၉၉၀၀၀)ကျပ်ရရှိသည့်အတွက် ကုန်ချောအဖြစ်ထုတ်လုပ်ကာ တင်ပို့ရောင်းချသင့်ပါကြောင်း အကြံပြု ရေးသားတင်ပြလိုက်ပါသည်။

Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ ပဲစင်းငုံများ အဝယ်စင်တာဖွင့်၍ ဝယ်ယူပေးလျှက်ရှိ

မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ ပဲစင်းငုံသီးနှံများကို အဝယ်စင်တာများဖွင့်လှစ်၍ ဝယ်ယူပေးလျက်ရှိရာ ယနေ့(၂၉.၁၂.၂၀၂၂)ရက်နေ့တွင် မကွေးမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့၏ ကျေးရွာများမှ ထွက်ရှိသော ပဲစင်းငုံသီးနှံများကို မကွေးမြို့နယ်တွင် ပဲစင်းငုံ (၁)တင်းလျှင် (၅၄၈၀၀)ကျပ်နှုန်းနှင့် ရေနံချောင်းမြို့နယ်တွင် ပဲစင်းငုံ(၁)တင်းလျှင် (၅၄၆၀၀)ကျပ်နှုန်းတို့ဖြင့် ဝယ်ယူလျက်ရှိကြောင်းနှင့် နေ့အလိုက်ပြောင်းလဲလာသော စျေးကွက်များကို ချိန်တွယ်မှု မှန်ကန်ခြင်း၊ အိတ်ခွံအလေးချိန်(၁၂)ကျပ်သားသာရယူပြီး ဒသမအစွန်းထွက်အထိ တိကျစွာဖော် ဆောင်ပေးကာ ငွေပေးချေမှုမှာလည်းမြန်ဆန်ပြီး အချိန်နှင့်အမျှ ကျွမ်းကျင်လုပ်သားများနှင့် စီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်ပေးနေသည့် အတွက် အတက်အကျမြန်သော ပဲစင်းငုံစျေးကွက်ကို သိရှိနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ပါက အကျိုးရှိနိုင်ကြောင်း တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ အသိပေးနှိုးဆော်ထားကြောင်း သိရှိရပါသည်။

Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## မန္တလေးကုန်စည်ဒိုင်တွင် ကုလားပဲလက်ကျန်နည်းလာ၍ စျေးမြင့်နေ

ဒီဇင်ဘာလ တတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်တွင် ကုလားပဲအသစ်ထွက်ချိန် မရောက်သေးခြင်း၊ ပဲခွဲစက် များမှဝယ်ယူမှုများလာခြင်း၊ စျေးကွက်တွင် ကုလားပဲလက်ကျန်နည်းလာခြင်းတို့ကြောင့် စျေးမြင့်လာကြောင်း မန္တလေး ကုန်စည်ဒိုင်သတင်းများအရသိရသည်။ ကုလားပဲ သုံးတင်းတစ်အိတ်လျှင် ပျမ်းမျှ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၁၃၀၀၀ ထိစျေးမြင့်လာသည်။

**ကုလားပဲဖြူလုံးကြီး(V-2)** ၅၆.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၉၅၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၉၃၀၀၀ ၊ ယခင်လ ကျပ် ၁၈၆၀၀၀ မှ ၁၈၇၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၂၀၀၀ မြင့်တက်လာပြီး၊ ယခင်လထက် ကျပ် ၈၀၀၀ မှ ၉၀၀၀ မြင့်တက်လာသည်။

**ကုလားပဲ (ထိုင်ဝမ်)** ၅၇.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၇၅၀၀၀ မှ ၁၇၇၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၇၀၀၀၀ ၊ ယခင်လ ကျပ် ၁၆၇၀၀၀ မှ ၁၆၈၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ် ကျပ် ၅၀၀၀ မှ ၇၀၀၀ ၊ ယခင်လထက် ကျပ် ၈၀၀၀ မှ ၉၀၀၀ မြင့်တက်လာသည်။

**ကုလားပဲ(929)** ၅၆.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၈၅၀၀၀ မှ ၁၈၇၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၇၉၀၀၀ မှ ၁၈၀၀၀၀ ၊ ယခင်လ ကျပ် ၁၇၃၀၀၀ မှ ၁၇၄၀၀၀ ဖြစ်ခဲ့သည်။ ယခင် တစ်ပတ်ထက်ကျပ် ၆၀၀၀ မှ

၇၀၀၀၀၊ ယခင်လထက် ကျပ် ၁၂၀၀၀ မှ ၁၃၀၀၀ မြင့်တက်လာသည်။

**ကုလားပဲဖြူလုံးကြီး(V-7)** ၅၇.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၉၅၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၉၃၀၀၀ ၊ယခင်လ ကျပ် ၁၈၇၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀၊ ယခင်လထက် ကျပ် ၈၀၀၀ မြင့်တက်လာသည်။

Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန

## အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းခွင့် သက်တမ်းတိုးအပြီး ပြည်တွင်းမတ်ပဲဈေးကျဆင်းလာ

ပြီးခဲ့တဲ့နှစ် မေလမှာ စတင်မိတ်ဆက်ခဲ့တဲ့ ပဲအမျိုးအစား (၂) မျိုးဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ "လွတ်လပ်စွာတင်သွင်းခွင့်" မူဝါဒကို အိန္ဒိယအစိုးရက ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်နေ့ထိ တစ်နှစ်သက်တမ်း ထပ်မံတိုးမြှင့်ပေးဖို့ ဗုဒ္ဓဟူးနေ့မှာ ဆုံးဖြတ်ချက် ချမှတ်လိုက်ပါတယ်။

"ယခုဆုံးဖြတ်ချက်က လာမယ့်ဘဏ္ဍာနှစ်မှာ ပဲမျိုးစုံတင်သွင်းမှုဆိုင်ရာ မူဝါဒနဲ့ပတ်သက်တဲ့ ထင်ကြေးပေးမှုတွေကို ရပ်တန့်စေခဲ့ပြီး ၎င်းက တည်ငြိမ်သောစနစ်တစ်ရပ်ကို အချက်ပြနေတယ်"လို့ အိန္ဒိယအစိုးရ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ အိန္ဒိယနိုင်ငံထံ သတ်မှတ်ထားတဲ့ ပဲအမျိုးအစားတွေကို အရေအတွက် ကန့်သတ်ချက်မရှိဘဲ ဆက်လက်တင်ပို့ ရောင်းချနိုင်မှာဖြစ်ပါတယ်။

ယခုလို အိန္ဒိယက လွတ်လပ်စွာ ပဲတင်သွင်းခွင့်မူဝါဒကို တစ်နှစ်သက်တမ်းတိုးကြောင်း ဆုံးဖြတ်မှုအပြီး ပြည်တွင်းဈေးကွက်အတွင်း မတ်ပဲ (FOB) ဈေးက တစ်တန်ကို ကျပ် (၁၇) သိန်းအောက် ရောက်ရှိသွားပါတယ်။

တင်သွင်းခွင့်ကာလ ၂၀၂၄ ခုနှစ် မတ်လကုန်အထိ ဖြစ်တာကြောင့် အဆိုပါကာလ မကုန်ခင်အထိ ဝယ်လိုအားရှိနေတာဖြစ်တဲ့အတွက် ဈေးချဝယ်ယူမှုတွေ ရှိလာနိုင်တယ်လို့ သုံးသပ်မှုတွေ ရှိနေပါတယ်။


တစ်ဖက်မှာလည်း မြန်မာ-အိန္ဒိယနှစ်နိုင်ငံ အစိုးရချင်း ရေးထိုးထားတဲ့ MOU ကြောင့် မြန်မာ့မတ်ပဲ တန်ချိန် (၂) သိန်းခွဲနဲ့ ပဲစင်းငုံ တန်ချိန် (၁)သိန်းတို့ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ကနေ စတင်ပြီး (၅) နှစ်ဆက်တိုက် တင်ပို့ခွင့် ရရှိထားပါတယ်။

မြန်မာနိုင်ငံ စိုက်ပျိုးထွက်ရှိတဲ့ မတ်ပဲနဲ့ ပဲစင်းငုံက အိန္ဒိယရဲ့ ဝယ်လိုအားအပေါ် အဓိကမှီခိုနေရတာဖြစ်ပြီး ၎င်းရဲ့ ပဲတင်သွင်းခွင့်မူဝါဒ အပြောင်းအလဲအပေါ်မူတည်ကာ ပြည်တွင်းပဲဈေးကွက်အပေါ် ရိုက်ခတ်မှုရှိနေတာလည်း ဖြစ်ပါတယ်။

အချက်အလက်တွေအရ အိန္ဒိယနိုင်ငံရဲ့ နှစ်စဉ်ပဲမျိုးစုံ စားသုံးမှု (၁၅) ရာခိုင်နှုန်းခန့်ကို မြန်မာနိုင်ငံကနေ တင်သွင်းနေရပြီး ၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ပဲမျိုးစုံတန်ချိန် (၂) သန်းခန့် တင်သွင်းခဲ့ရတယ်လို့ သိရှိရပါတယ်။

**Source: BETV Business**

## နယ်သာလန်နိုင်ငံ၏အကူအညီဖြင့် မြန်မာ့လက်မှုပညာကို ကမ္ဘာ့ဈေးကွက်သို့ထိုးဖောက်



Source: မြန်မာ့အလင်းသတင်းစာ

မြန်မာနိုင်ငံထုတ် ကြိမ်နှင့်ဝါးအခြေခံ မြန်မာ့လက်မှုပညာအသုံးအဆောင်များ၊ ယွန်းထည်ပရိဘောဂပစ္စည်းများကို နိုင်ငံတကာနှင့် ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် အတွက် Burmacrafts အမည်ရှိ Website ကို လွှင့်တင်ထားပြီး ဝင်ရောက်ကြည့်ရှုခြင်း၊ ဝယ်ယူခြင်းများပြုလုပ်နိုင်ကြောင်း သိရှိရသည်။

အဆိုပါ ဝက်ဘ်ဆိုက်ကို နယ်သာလန်အစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှင့် နည်းပညာများပံ့ပိုးပေးထားပြီး မြန်မာ့လက်မှုများကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ ဝက်ဘ်ဆိုက်အတွက် လိုအပ်သည့်လွှင့်တင်မှုများကို မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင် များအသင်းက ဦးဆောင်၍ စီမံဆောင်ရွက်နေခြင်းဖြစ်သည်။

အဆိုပါ ဝက်ဘ်ဆိုက်တွင် မြန်မာ့သစ်တောထွက် ကြိမ်နှင့်ဝါးအခြေခံ အိမ်တွင်းပရိဘောဂ၊ အသုံးအဆောင်နှင့် လက်ဆောင်ပစ္စည်းများ၊ အလှဆင်ပစ္စည်းများကို လေ့လာနိုင်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ အလွယ်တကူဝယ်ယူခွင့်ရရှိနိုင်ရန်

စီစဉ်ထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံမှတစ်ဆင့် ပြည်ပသို့နှစ်စဉ် ယင်းပစ္စည်းများတင်ပို့လျက်ရှိရာ ပြည်တွင်း ဝက်ဘ်ဆိုက်မှတစ်ဆင့် ပိုမိုဖြန့်ချိနိုင်မည်ဟုယူဆကြောင်း မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**Source:** မြန်မာ့အလင်းသတင်းစာ

## သမဝါယမအသင်းပိုင်ဆီစက်များ တည်ဆောင်ပြီးစီးပါက ဆီစက် ၁၅ လုံးထိရှိလာမည်ဖြစ်ပြီး တစ်ရက်လျှင် စားသုံးဆီပိဿာချိန် ၆၀၀၀ ခန့်ထုတ်လုပ်နိုင်မည်



Source: ရတနာပုံသတင်းစာ

ပြည်တွင်းတွင် သမဝါယမအသင်းပိုင်ဆီစက်များ တည်ထောင်ပြီးစီးပါက ဆီစက် ၁၅ လုံးထိရှိလာမည်ဖြစ်ပြီး အဆိုပါသမဝါယမအသင်းပိုင် ဆီစက်များက တစ်ရက်လျှင် စားသုံးဆီပိဿာချိန် ၆၀၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သတင်းများအရသိရသည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံပြီး ကုန်ထုတ်လုပ်မှုကဏ္ဍတိုးတက်ရေး၊ ပြည်သူများ၏လိုအပ်ချက်နှင့်ကိုက်ညီမည့် ထုတ်ကုန်များထုတ်လုပ်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ဝင်ငွေတိုးပွားရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

လက်ရှိတွင် နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်ပြီး နိုင်ငံ့စီးပွားရေးမြင့်မားလာစေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် စီးပွားရေးမြင့်တက်လာစေရန်အတွက် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ကျပ်ဘီလီယံ ၁၀၀ မှ ငွေကျပ် ၁၁ ဒသမ ၆၇၉ ဘီလီယံခန့်ကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်ရှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသုံးခုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကန်ထရိုက်လယ်ယာ၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု၊ အရောင်းဆိုင်၊ ဆန်စက်နှင့်ဆီစက်လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုများအရ သမဝါယမအသင်းပိုင် ဆီစက်များတည်ထောင်ပြီးစီးပါက သမဝါယမအသင်းပိုင်ဆီစက် ၁၅ လုံးထိရှိလာမည်ဖြစ်ကြောင်း၊ လက်ရှိတွင် သမဝါယမပိုင် ဆီစက်တစ်လုံးက တစ်ရက်လျှင် ပျမ်းမျှဆီပိဿာချိန် ၄၀၀ ခန့် ကြိတ်ခွဲထုတ်လုပ်နိုင်ကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု ခိုင်မာအားကောင်းခဲ့ပြီး ရှစ်ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့

ပို့ကုန်ကဏ္ဍနှင့် လက်လီရောင်းအား ခိုင်မာကောင်းမွန်ခြင်းနှင့်အတူ ၂၀၂၂ ခုနှစ် တွင် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ရှစ် ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု အာဏာပိုင် များက ဒီဇင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

COVID-19 ကပ်ရောဂါကြောင့် ကွန်မြူနစ်နိုင်ငံဖြစ်သော ဗီယက်နမ်၏စီးပွားရေးတိုးတက်မှုသည် နှစ်နှစ်ဆက်တိုက် သုံးရာခိုင်နှုန်းဝန်းကျင်၌သာ ရပ်တန့်နေခဲ့သည်။ ကပ်ရောဂါမတိုင်မီက ဗီယက်နမ်သည် အာရှ၏စီးပွားရေးတိုးတက်ကောင်းမွန်သောနိုင်ငံများထဲတွင်ပါဝင်ခဲ့ပြီး ၂၀၁၉ ခုနှစ်က စီးပွားရေးတိုးတက်မှု ခုနှစ်ရာခိုင်နှုန်းရှိခဲ့သည်။

ယခုနှစ်တွင်မူ ဗီယက်နမ်၏စီးပွားရေးသည် ရှစ်ရာခိုင်နှုန်းခန့်တိုးတက်ခဲ့သည့်အတွက် အစိုးရ၏လျာထားချက်ဖြစ်သော ၆ မှ ၆ ဒသမ ၅ ရာခိုင်နှုန်းကို ကျော်လွန်သွားသည်ဟု အစိုးရ၏ စာရင်းအင်းဌာနက ထုတ်ပြန်ခဲ့သည်။

တိုင်းပြည်စီးပွားရေးသည် ကပ်ရောဂါ၏သက်ရောက်မှုမှ နာလန်ပြန်ထူလာပြီဖြစ်ကြောင်းလည်း ၎င်းဌာနကဆိုသည်။ သို့ရာတွင် ယူကရိန်းစစ်ပွဲနှင့် ငွေကြေးဖောင်းပွမှု အလွန်မြင့်မားခြင်းတို့ ဖြစ်ပေါ်နေခြင်းကြောင့် ယခုဘဏ္ဍာနှစ်၏ စတုတ္ထသုံးလပတ်တွင် တိုးတက်မှုနှေးကွေးသွားသည်ဟု သိရသည်။

**Source:** https://news-eleven.com/article/242366

# STOCK EXCHANGE (30.12.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 30th Dec. 2022

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,309 (Shares) | 7,215,950 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +200 | +2.30% | 8,700 | 8,900 | 8,700 | 357 | 3,126,300 | 33,109,694 | 294,676 |
| MTSH | 00002 | 3,300 | +50 | +1.54% | 3,250 | 3,300 | 3,250 | 443 | 1,461,850 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 26 | 200,200 | 10,400,986 | 80,088 |
| FPB | 00004 | 19,000 | +500 | +2.70% | 19,000 | 19,000 | 19,000 | 15 | 285,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 56 | 145,600 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 10 | 27,000 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 4,900 | 402 | 1,970,000 | 10,497,598 | 52,488 |

## Market summary

As of 30th Dec. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 396.62 | +5.64 | +1.44% | 391.69 | 396.62 | 391.69 | 1,309 | 7,215,950 | 7 | 689,966 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 1:00 pm, 30th Dec. 2022

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,309 (Shares) | 7,215,950 (MMK) |

| MYANPIX | 396.62 ▲ 5.64 |
|---|---|
| Total Volume (shares) | 1,309 |
| Total Value (MMK) | 7 mil |
| Listed Company | 7 |
| Market Cap. (MMK) | 689,966 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 200 |
| MTSH | 00002 | 3,300 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 500 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |